# Serenity Insight Meditation Center
# Asheville, North Carolina, U.S.A
# ဦးဇောတိကာဘိဝံသ ၏ အတ္ထုပ္ပတ္တိအကျဉ်း



ဦးဇောတိကာဘိဝံသ ကို စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် မခေါက်ရွာ၌ ခမည်းတော်ဦးပေါ်ထင်၊ မယ်တော်ဒေါ်အေးမိ တို့မှ ၁၉၆၅–ခုနှစ်တွင် မွေးဖွားသည်။ (၁၁)နှစ်အရွယ်တွင် ရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပြီး (၁၃)နှစ်အရွယ်တွင် မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ညောင်ရမ်းပါဠိတက္ကသိုလ် သိန်းသန်းဆရာတော် ဦးပဏ္ဍိစ္စာဘိဝံသ ထံသို့ ပြောင်းရွှေ့ကာ ပရိယတ္တိစာပေများကို အခြေခံမှစ၍ လေ့လာသင်ယူခဲ့သည်။ သက်တော် (၂၀) အရွယ်တွင် မိုးကောင်းကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဒေးဝန်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

မန္တလေးမြို့ မိုးကောင်းကျောင်းတိုက်ရှိ အဘိဓဇမဟာရဋ္ဌဂုရု ဒေးဝန်းဆရာတော်၊ သိန်းသန်းဆရာတော် အစရှိသော စာချဆရာတော်များနှင့် မန္တလေးမြို့ တောင်ပြင်အနောက်ပြင်ရှိ ထင်ရှားသောစာချဆရာတော်တို့ ထံတွင် ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးခဲ့သည်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ(သက်ျသီဟ)ဓမ္မာစရိယဘွဲ့၊ ရန်ကုန်မြို့ စေတီယင်္ဂဏဂဏဝါစက ဓမ္မာစရိယဘွဲ့၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့၊ နိုင်ငံတော်အစိုးရ သာသနဓဇဓမ္မာစရိယဘွဲ့၊ ပရိယတ္တိသဒ္ဓမ္မမာမက(မိုးကောင်းကျောင်းတိုက်)ဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့နှင့် မန္တလေးအဝေးသင်တက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ဘီအေဘွဲ့တို့ကို အောင်မြင်ရရှိခဲ့သည်။

ရဟန်းဖြစ်သည့်အချိန်မှစ၍ ၂၀၀၂–ခုနှစ်အထိ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ညောင်ရမ်းပါဠိတက္ကသိုလ်၌ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများကို ပို့ချပေးခဲ့သည်။ ၂၀၀၁–ခုနှစ်တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီးနှင့် ၂၀၁၀–ခုနှစ်တွင် ချမ်းမြေ့ဆရာတော်ဘုရားကြီးထံတွင် ပဋိပတ္တိကျင့်စဉ်များကို ဆရာနည်းကျကျ စနစ်တကျ အားထုတ်သင်ကြားခဲ့သည်။

မက်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့ မဟာသတိပဋ္ဌာန်ရိပ်သာကျောင်း ဆရာတော်ဦးအဘယာလင်္ကာရအထံ၌ လေးနှစ်သီတင်းသုံးခဲ့ပြီး ယခုအခါ မြောက်ကာရိုလိုင်းနားပြည်နယ် အနောက်ပိုင်း Asheville မြို့၌ Serenity Insight Meditation Center တည်ထောင်၍ ပရိယတ္တိ ပဋိပတ္တိများကို သင်ကြားပေးကာ သာသနာပြုလျှက်ရှိသည်။